ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ချောင်းဆုံမြို့

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှု

# အစီအစဉ်




လူထုစည်းရုံးရေးမှူးအမည် - ဒေါ်စိုးစိုးဆင့်

လက်ထောက်နည်းပညာမှူးအမည် - ဦးသန်းထွန်း


နတ်မော်ကျေးရွာအုပ်စု၊ နတ်မော်ရွာပေါင်းကျေးရွာ 2018 ခုနှစ်

# မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ......3

၂။ နတ်မော်ကျေးရွာတည်နေရာပြမြေပုံ......4

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း......5

၄။ ကျေးရွာအခြေခံအချက်အလက်များ......5

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား......5

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ......7

၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ......16

၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း......17

၉။ ကျေးရွာအချက်အလက် (ပုံစံ-၁)......18

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)......21

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)......22

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)......24

၁၃။ အစည်းအဝေးမှတ်တမ်းများ......25

၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ......26

၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ......26

၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ......27

## ၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ



MIMU
EUROPEAN COMMISSION
Humanitarian Aid
Myanmar Information Management Unit
Village Tracts of Chaungzon Township
Mon State
PAUNG
N
Mawlamyine
CHAUNGZON
MAWLAMYINE
MUDON
Da Yei
Ka Lwi
Taw Ka Nar
Taung Sun
Daung Yat (West)
Daung Yet (East)
Ka Mar Mo
Mu Du
Nyaung Lan
Kawt Mu Pun
Ka Hnyaw
Kun Yaik
Ywar Lut
Boe Net
Hnee Hmoke
Ka Ma Nin
Ka Lawt
Thet Kaw
Mu Kwe
Saw Ke
Nat Hmaw
Taw Pun
Kayin Win Sein
Chaungzon
Kha Yaik Thit
Mu Yit Gyi
Ku Lar Toet
Kun Thea
Ta Ku Pa Ti
Ma Yan
Hpan Hpa
Ku Lar Bi
Zee Kone
Wei Lan
Ka Yaik Du
Mu Yit Kalay
Se Pa Lar
Kawt Ka Daik
Hin Thar Kyun
Ka Mar Kay
Ah Bit
Kha Yaik Hnee Hu
Kun Hlar
Kayin
Yangon
Mon
Kilometers
0 2 4 8
Map ID: MIMU250v01
Creation Date: 19 December 2011. A3
Projection/Datum: Geographic/WGS84
Map produced by the MIMU - info.mimu@undp.org
Website : http://www.themimu.info
State Capital
Main Town
Other Town
Road
River and Stream
Township Boundary
District Boundary
State Boundary
Village Tract Area
Water Body
Data Sources :
BASE MAP - MIMU
Boundaries - WFP/MIMU/UNICEF
Place names - Ministry of Home Affair
(GAD) translated by MIMU
Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## ၂။ နတ်မော်ကျေးရွာတည်နေရာပြမြေပုံ



## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|
| နတ်မော်ကျေးရွာအုပ်စု | နတ်မော်ရွာဟောင်းကျေးရွာ |
| | နတ်မော်ရွာသစ်ကျေးရွာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

| | |
|---|---|
| ကျေးရွာအမည် | - နတ်မော်ရွာဟောင်း |
| ကျေးရွာအုပ်စုအမည် | - နတ်မော်ကျေးရွာအုပ်စု |
| လူဦးရေ | - ကျား - ၇၅၂ ၊ မ ၇၉၈၊ စုစုပေါင်း (၁၅၄၀) ဦး |
| အိမ်ထောင်စု | - ၂၇၃ စု |
| တိုင်းရင်းသားလူမျိုးစု | - ဗမာ ၊ ကရင် |
| လူမျိုးစုရော | - ဗမာ ၊ တမီ |
| မသန်စွမ်း | - ၃ ဦး |
| ပညာရေးအဆောက်အဦး | - အ.မ.ကမူလွန် (၁) ကျောင်း၊ မူကြို ( ၁ ) ကျောင်း |
| လူမှုရေးအဆောက်အဦး | - ဘုန်းကြီးကျောင်း (၂) ကျောင်းနှင့် စေတီ (၄) ဆူ |
| အဓိက စီးပွားရေးလုပ်ငန်း | - လယ်၊ ယာ၊ ခရိခြံ၊ ငါးဖမ်းလုပ်ငန်း |
| ကျေးရွာထွက်ကုန်များ | - ဆန်/စပါး၊ခနိ |

## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား


| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|

| | | | | က | မ | ပ | |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ၊ (Social Map, Resources Map) | 14.10.2017 | ကျေးရွာလူထု | 71 | 68 | 139 | - ကျေးရွာ၏အဓိကသွင်ပြင်လက္ခဏာများကိုဆွေးနွေးခြင်း၊ ကျေးရွာအတွင်းတည်ရှိနေသည့် အရင်းအမြစ်များ၊ အခြေခံအဆောက်ဦးများနှင့် ဝန်ဆောင်မှုများကိုဆွေးနွေးခြင်း<br>- ၄င်းအခြေခံအဆောက်အဦးများ၏အခြေအနေများကို ဆွေးနွေး ခြင်း၊ (ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပြုပြင်ရန်နှင့် အသစ်ဆောက်လုပ်ရန်လိုအပ်ချက်များကို ဆွေးနွေးခြင်း) |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း။ (Wealth Ranking) | 14.10.2017 | ကျေးရွာလူထု | 71 | 68 | 139 | - ကျေးရွာအတွင်းနေထိုင်သူ အိမ်ထောင်စု/ အုပ်စုများ၏ ဝင်ငွေ များ၊ ဉစ္စာခေန ကြွယ်ဝမှုများ၊ ပိုင်ဆိုင်မှုများနှင့် အခြေအနေများ ကို ဆွေးနွေးသုံးသပ်ခြင်း။<br>- ကျေးရွာလူထုများ၏ အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းအခြေအနေ၊ ဖွံ့ဖြိုးတိုးတက်ရေး အတွက်ကြုံတွေ့နေရသည့် အားနည်းချက်များ၊ အဟန့်အတားများကို ရှာဖွေဖော်ထုတ် ခြင်း။<br>- အိမ်ထောင်စုများ/အုပ်စုများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများကိုလေ့လာဖော်ထုတ်ခြင်း။ |
| ၃ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | 14.10.2017 | ကျေးရွာလူထု | 71 | 68 | 139 | - ကျေးရွာအတွင်းနေထိုင်သူများ တစ်နှစ်ပတ်လုံးအတိုင်းအတာအတွင်း ရာသီအလိုက် လုပ်ငန်းဆောင်တာများ၊ အသက်မွေးဝမ်းကြောင်းမှု အပြောင်းအလဲများကိုဆွေးနွေးခြင်း။<br>- အစာရေစာရရှိနိုင်မှု၊ ကျန်းမာရေးပြဿနာများ၊ အိမ်ထောင်စုများအတွင်း တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် ကြုံတွေ့နေရသည့် မတူညီသည့် အခက်အခဲများကို ဆွေးနွေးခြင်း။<br>- အချိန်အပိုင်းခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်းများကိုဆွေးနွေးခြင်း။ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျ | မ | ပ | |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | 15.10.2017 | ကျေးရွာလူထု | 68 | 71 | 139 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ စီမံကိန်းများကို လုပ်ဆောင်နေသည့် ရွာအတွင်း ရွာပြင်ပရှိအဖွဲ့အစည်းများကို သိရှိနားလည်စေရန်နှင့် ၎င်းအဖွဲ့အစည်းများ၏အားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက်လုပ်ဆောင်နိုင်စေရန်ဆွေးနွေး ခြင်း။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Web) | 15.10.2017 | ကျေးရွာလူထု | 68 | 71 | 139 | - ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသားများ၏ အခန်းကဏ္ဍကိုသိရှိနိုင်ရန်နှင့် ၎င်းတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင်ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများကိုသိရှိနားလည်စေရန်။ |
| ၆ | ပြဿနာသစ်ပင် (Problem Tree) | 15.10.2017 | ကျေးရွာလူထု | 68 | 71 | 139 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများလုပ်ဆောင်ရာတွင် ကြုံတွေ့နေရသည့် လိုအပ်ချက် များ၊ အခက်အခဲများ၊ ပြဿနာ များအား အကြောင်း၊ အကျိုး ဆက်စပ်ဖြစ်တည်နေသည့် သဘောသဘာဝအား ပြဿနာ သစ်ပင်နည်းလမ်းအား အသုံးပြု၍ဆွေးနွေးခြင်း။ |
| ၇ | ပင့်ကူအိမ်သုံးသပ်ခြင်း (Cob Web) | 15.10.2017 | ကျေးရွာလူထု | 68 | 71 | 139 | - ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသား များ၏အခန်းကဏ္ဍကို သိရှိ နိုင်ရန်နှင့် ၎င်းတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင် ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများကို သိရှိနားလည်စေရန်။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### ၆.၁ အရင်းအမြစ်ပြမြေပုံ




**နတ်မှော်ပောင်းကျေးရွာ၏ အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်**

နတ်မှော်ကျေးရွာအုပ်စု၊ နတ်မှော်ရွာပောင်းကျေးရွာသည် မြေညီမြေပြန့်ရှိပြီး မြစ်ကမ်းနားကျေးရွာ ဖြစ်ပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် သံလွင်မြစ်၊ အနောက်ဘက်တွင် လယ်ကွင်းများ၊ တောင်ဘက်တွင်

သံလွင်မြစ်၊ မြောက်ဘက်တွင် နတ်မော်ရွာသစ်နှင့် သံလွင်မြစ်တို့တည်ရှိပါသည်။ နတ်မော်ရွာဟောင်းသည် လယ်ယာစိုက်ပျိုးခြင်းနှင့် ဆိပ်ကမ်းကိုအမှီပြုပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ဆောင်ရွက်ကြရပါသည်။ ဓနိဖက်လုပ်ငန်းနှင့် ငါးဖမ်းပိုက်ချခြင်းကိုလည်း အနည်းငယ်လုပ်ကိုင်ကြပြီး အသက်မွေးဝမ်းကျောင်းပြုပါသည်။

ကျေးရွာတွင် (၄) လက်မစက်ရေတွင်း (၂) တွင်း၊ (၂) လက်မစက်ရေတွင်း (၁) တွင်း၊ လက်တွင်း (၅) တွင်း၊ သောက်ရေမြေတူးကန် (၄) ကန်တို့ရှိပြီး သောက်သုံးရေရှားပါးမှု ပြဿနာကို နှစ်စဉ်ကြုံတွေ့ရပါသည်။ မြစ်ချောင်းနားနီးသောကြောင့် မြစ်သဲကျောက်လုပ်ငန်းရှိသော်လည်း လုပ်ငန်းရှင်များမှာ အခြားကျေးရွာမှဖြစ်ပြီး ကျေးရွာသားပိုင် လုပ်ငန်းရှင်မရှိပေ။ တနိုင်တပိုင်ငါးဖမ်းပိုက်လှေဖြင့် ငါးဖမ်းခြင်းလုပ်ငန်းကို လုပ်ကိုင်ကြသော်လည်း သဘာဝအရင်းအမြစ်ရှားပါးလာမှုကြောင့် စားဝတ်နေရေးအခက်အခဲကို ကြုံတွေ့နေကြရသည်။

ကျေးရွာတွင် လယ်မြေရှိသော်လည်း လုပ်ကိုင်လိုသူနည်းပါးသည်ကိုလည်း တွေ့ရှိရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ သီးနှံပိုးကျ၍အထွက်နှုန်းမကောင်းခြင်း၊ ခေတ်မှီစိုက်ပျိုးရေးနည်းပညာမရှိခြင်းနှင့် မိရိုးဖလာလုပ်ကိုင်ရခြင်း၊ စပါးဈေးနှုန်းကျဆင်းပြီး ဝင်ငွေထွက်ငွေမမျှခြင်းတို့ကြောင့် စားဝတ်နေရေး အဆင်ပြေစေရန် တဖက်နိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်လျှက် ရှိသောကြောင့်ဖြစ်ပါသည်။ လယ်ယာလုပ်ငန်းတွင် ပသုံးပြုသော ကျွဲ (၁၀) ကောင်၊ နွား (၃၉) ကောင်၊ လယ်ထွန်စက် (၇) စီး၊ ထွန်ထယ် (၂၂) စီးတို့ရှိသည်။

နတ်မော်ရွာဟောင်းကျေးရွာတွင် မူလတန်းလွန်ကျောင်း (၁) ကျောင်း၊ မူကြိုတစ်ကျောင်း ရှိပါသည်။ မူလတန်းကျောင်းတွင်ပညာသင်ကြားသူ (၁၀၂) ဦး၊ မူလွန်တွင်ပညာသင်ကြားသူ (၃၉၅) ဦးနှင့် မူကြိုကျောင်းတွင် (၅၈) ဦးရှိပါသည်။ မူလတန်းကျောင်းပြင်ပ ပညာရေး (၁) ကျောင်းရှိပြီး (၂၁) ဦးပညာသင်ကြားနေပါသည်။

နတ်မော်ရွာဟောင်းတွင် အသက်မွေးဝမ်းကြောင်းအလိုက်အလုပ်လုပ်သူဦးရေမှာ-


(၁) နိုင်ငံ့ဝန်ထမ်း - (၁၀) ဦး

(၂ ) လယ်သမား - (၃၀) ဦး

(၃) ပုံကျဈေးသည် - (၁၅) ဦး

(၄) အလုပ်လက်မဲ့ - (၅၀) ဦးတို့ဖြစ်ကြပါသည်။

## ၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့စည်းအချင်းချင်းချိတ်ဆက်မှုပြဇန်ကားချပ်




**နတ်မော်ရွာဟောင်းကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက်**

နတ်မော်ကျေးရွာအုပ်စု၊ နတ်မော်ရွာဟောင်းကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ မီးလင်းရေးအဖွဲ့၊ သာရေးနာရေးအဖွဲ့၊ ကျောင်းပြင်ပပညာရေးအဖွဲ့၊ လူငယ်အဖွဲ့၊ အရန်မီးသတ်၊ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာ၊ သမကော်မတီနှင့် နိုင်ငံရေးပါတီများ ဖြစ်ကြသည်။ အခြားပြင်ပအဖွဲ့အစည်းများအဖြစ် ကိုရီးယားချေးငွေအဖွဲ့၊ မသန်စွမ်းအဖွဲ့တို့လည်းရှိပါသည်။ အုပ်ချုပ်ရေးမှူးအဖွဲ့သည် အဖွဲ့အားလုံးတွင်အရေးပါဆုံးအဖွဲ့ဖြစ်ပြီး ကျန်အဖွဲ့အားလုံးနှင့် ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေးအလုပ်များကိုလုပ်ဆောင်ကြပါသည်။ ကျေးရွာစီထောက်အဖွဲ့သည် ကျေးလက်ဦးစီးအဖွဲ့၊ မြို့နယ်နည်းပညာအကြံပေးအဖွဲ့များနှင့်ချိတ်ဆက်ပြီး လူထုဗဟိုပြုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါသည်။

အဖွဲ့အစည်းများသည် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်လုပ်ဆောင်နေကြပြီး ပူးပေါင်းဆောင်ရွက်သည်ကိုတွေ့ရှိရပါသည်။ အမျိုးသမီးရေးရာအဖွဲ့တွင် အဖွဲ့ဝင်ပေါင်း (၄၆၀) ဦး၊ မိခင်နှင့်ကလေးအဖွဲ့တွင်အသင်းဝင်ပေါင်း (၁၇၂) ဦး၊ အရန်မီးသတ် (၁၀) ဦးတို့ရှိပါသည်။

## ၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း



ကျေးရွာ - နတ်မှော် - ပေါင်း

ခနအင်အား အဆင့်သတ်မှတ်ခြင်း

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| (က) | နှစ်ထပ်အိမ်၊ ကား၊ စျေးဆိုင်ကြီး၊ လယ် (၈) ဧက၊ ခနီခြံ (၁၀) ဧကအထက်၊ စက်လှေပိုင်ဆိုင်သည်။ | ၁၅ | |
| (ခ) | ပျဉ်ထောင်သွပ်မိုး၊ ကျွဲ၊ နွား ၁၅ ကောင်အောက်၊ ခနီ (၁၀) ဧကအောက်၊ လယ် (၈) ဧကအောက်၊ ဆိုင်ကယ်၊ ကုန်တင်ယာဉ်၊ အခြားသုံးယာဉ်၊ ဆန်စက် | ၁၂၂ | |
| (ဂ) | ပိုက်လှေ၊ ခနီမိုး၊ ဝါးထရံကာ၊ အသေးစားလယ်ယာသုံးပစ္စည်း | ၁၃၈ | |

**ခနအင်အားအဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်**


နတ်မှော်ကျေးရွာအုပ်စု၊ နတ်မှော်ရွာပေါင်းကျေးရွာ၏ ဥစ္စာခနပိုင်ဆိုင်မှုကို ချမ်းသာအဆင့်၊ အလယ်အလတ်အဆင့်နှင့် နွမ်းပါးအဆင့် ဟူ၍သုံးပိုင်းခွဲခြားထားပါသည်။

ချမ်းသာအဆင့်တွင် ပိုင်ဆိုင်မှုအနေဖြင့်နှစ်ထပ်အိမ်၊ ကား၊ စျေးဆိုင်ကြီး လယ် (၈) ဧက အထက်၊ ခနီခြံ (၁၀) ဧကအထက်နှင့် စက်လှေများပိုင်ဆိုင်သည်ဟု သတ်မှတ်ထားသောအိမ်မှာ (၁၅) အိမ်ထောင်စုခန့်ရှိပါသည်။ အလယ်အလတ်အဆင့်တွင် ပိုင်ဆိုင်မှုများမှာ ပျဉ်ထောင်သွပ်မိုးအိမ်၊ ကျွဲ၊ နွား (၁၅) ကောင်အောက်၊ ခနီခြံ (၁၀) ဧကအောက်၊ လယ် (၈) ဧကအောက် ဆိုင်ကယ်၊ ကုန်တင်ယာဉ်၊ အခြားသုံးယာဉ်၊ ဆန်စက်တို့ပိုင်ဆိုင်ကြသော အိမ်ထောင်စုမှာ (၁၂၂) အိမ်ထောင်စုရှိကြပြီး မိသားစုဝင်များအနေဖြင့် တဖက်နိုင်ငံသို့ သွားရောက်လုပ်ကိုင်ကြသဖြင့် မိသားစုစားဝတ်နေရေးကိုဖြေရှင်းနေရပါသည်။ နွမ်းပါးအဆင့်တွင် ပိုက်လှေ၊ ခနီမိုး၊ ဝါးထရံကာ၊ အသေးစားလယ်ယာသုံးပစ္စည်းများပိုင်ဆိုင်ကြပြီး အိမ်ထောင်စုမှာ (၁၃၈) အိမ်ထောင်စုခန့်ရှိပါသည်။ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအနေဖြင့် ကျဘမ်းလုပ်ငန်းလုပ်ကိုင်ခြင်း၊ ဆိပ်ကမ်းကို အမှီပြုပြီး စျေးရောင်းခြင်း ကုန်တင်ကုန်ချပြုလုပ်ခြင်းနှင့် ငါးဖမ်းလုပ်ငန်းတို့လုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်း အိမ်ထောင်စုအားလုံးတွင် ရာခိုင်နှုန်းဖြင့်ဖော်ပြရမည်ဆိုလျှင်

| | |
|---|---|
| ချမ်းသာအဆင့် | - ၈.၆ ရာခိုင်နှုန်း |
| အသင့်အတင့် | - ၄၄.၆ ရာခိုင်နှုန်း |
| နွမ်းပါး | - ၄၆.၈ ရာခိုင်နှုန်း |

တို့ဖြစ်ပြီး နွမ်းပါးအဆင့်ကိုလျှော့ချနိုင်ရန်အတွက် အသက်မွေးဝမ်းကြောင်းနည်းပညာများ၊ စိုက်ပျိုးရေးနည်းပညာများနှင့် အရင်းအနှီးများလိုအပ်နေသည်ဟု ဆွေးနွေးကြပါသည်။

## ၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း



မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ နတ်မော်ကျေးရွာအုပ်စု၊ နတ်မော်ရွာဟောင်းကျေးရွာ၏ အမျိုးသား၊ အမျိုးသမီးများ၏ ပင့်ကူအိမ်သုံးသပ်ချက်ကို အကြောင်းအရာ (၁၀) ခုကို အဆင့် (၁၀) အဆင့်ဖြင့် အကဲဖြတ်ဆန်းစစ်ခဲ့ ပါသည်။

ပင့်ကူအိမ်သုံးသပ်ချက်ကို အမျိုးသားအုပ်စု၊ အမျိုးသမီးအုပ်စုအနေဖြင့် သီးသန့်ခွဲခြားစဉ်းစားစေပြီး နှစ်ဖွဲ့ပြန်ပေါင်းကာ သုံးသပ်ပြခဲ့ပါသည်။

**အလုပ်အကိုင်အခွင့်အလမ်း**တွင် အမျိုးသားများကခွန်အားကြီးမားပြီး ကြံ့ရာအလုပ်လုပ်နိုင်သောကြောင့် အမျိုးသမီးများထက်ပိုပြီး အခွင့်အလမ်းများသည်။ လုပ်ငန်းရှင်များကလည်း အလုပ်ပိုမိုပြီးမြောက်စေရန်အတွက် အမျိုးသားများကိုသာ အဓိကရွေးချယ်ခေါ်ယူကြသည်ဟု ဆွေးနွေးကြပါသည်။ ကုန်တင်ကုန်ချလုပ်ငန်းများ၊ ဆိုင်ကယ်ကယ်ရီလုပ်ငန်းများတွင်လည်း အမျိုးသားအများစုသာ လုပ်ကိုင်ကြသောကြောင့် ၄င်းကဏ္ဍတွင် အမျိုးသားများမှ သာလွန်နေကြောင်း ဆွေးနွေးကြပါသည်။

**ခေါင်းဆောင်မှု** အပိုင်းတွင်လည်း အမျိုးသားများမှသာလွန်နေပြီး အမျိုးသမီးများ၏အခန်းကဏ္ဍမှာ မှေးမှိန်နေသေးသည်။ ၄င်းတို့အား အခွင့်အလမ်းပေးပြီး ပံ့ပိုးမှုများပြုလုပ်ပေးရန် လိုအပ်နေသေးသည်။

**ဝင်ငွေရရှိမှု**တွင် အမျိုးသားများနှင့် အမျိုးသမီးလုပ်ကိုင်သော လုပ်ငန်းမတူကြသဖြင့် လုပ်အားခမတူညီကြပါ။ အမျိုးသားများသည် ခက်ခဲပင်ပန်းသော အလုပ်များလုပ်ကိုင်ကြသဖြင့် အမျိုးသမီးများထက်ပိုပြီးရရှိကြပါသည်။ အမျိုးသမီးများမှာမူ သက်သာသောခနိဖက်ထိုးအလုပ်များကို လုပ်ကိုင်ကြသည်။ ထို့ကြောင့် လုပ်အားခမှာနည်းပါသည်။ ကုန်တင်ကုန်လုပ်ငန်းများတွင်လည်း အမျိုးသားများသာ ပိုမိုဝင်ငွေ ရရှိကြသည်။ လုပ်ငန်းအများစုတွင်လည်း အမျိုးသားနှင့်အမျိုးသမီးများ လုပ်ခလစာတူညီစွာမပေးသဖြင့်လည်း ဝင်ငွေကွာခြားမှုရှိကြောင်းသိရသည်။

**အိမ်မှုကိစ္စများ**တွင် အမျိုးသားများကစားဝတ်နေရေးအတွက် ရှာဖွေရသဖြင့် အမျိုးသမီးများကသာ လုပ်ဆောင်ကြပြီး အစဉ်အဆက်တည်းက အိမ်မှုကိစ္စရပ်များသည် အမျိုးသမီးများကသာ လုပ်ဆောင်ရမည်ဟု လက်ခံထားကြသောကြောင့်ဖြစ်သည်။


**ပစ္စည်းဥစ္စာပိုင်ဆိုင်မှု** တွင် တန်းတူပိုင်ဆိုင်သည်ဟုခံယူကြပြီး အဆင့်တူတူဖြစ်ပါသည်။

**လုံခြုံမှု**အပိုင်းတွင် အမျိုးသမီးများသည်အားနည်းနေသည်ကို တွေ့ရသည်။ ၄င်းကဲ့သို့ဖြစ်ရခြင်းမှာ ပတ်ဝန်းကျင်ပယောဂများကြောင့်မဟုတ်ဘဲ ၄င်းတို့ကိုယ်တိုင်မှ စိတ်ခံစားချက်များနှင့် လုံခြုံမှုအားနည်းသည်ဟု ယူဆချက်များကြောင့် ဖြစ်ကြောင်း သိရသည်။ ၄င်းအပြင် ပတ်ဝန်းကျင်တွင်ဖြစ်ပျက်နေသည့် ကိစ္စရပ်များ၊ အကြောင်းအရာများကလည်း ၄င်းတို့၏ လုံခြုံမှုအပေါ်တွင် သံသယဖြစ်စေသည့်အကြောင်းအရင်းတစ်ရပ်ဖြစ်ကြောင်းသိရသည်။

**ပညာသင်ကြားခွင့်**တွင် ၄င်းကဏ္ဍတွင် တန်းတူရှိကြောင်းဆွေးနွေးကြသည်။

**ရပ်ရွာအရေးကိစ္စများတွင်ပါဝင်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့် စီမံခန့်ခွဲမှုတို့**တွင် အမျိုးသားများမှ ဦးဆောင်နေပြီး ထိုသို့ဖြစ်ရခြင်းမှာ ရိုးရာအစဉ်အလာအရသော်လည်းကောင်း၊ ဒေသအခြေအနေ၊ ပတ်ဝန်းကျင်ကြောင့်သော်လည်းကောင်း အမျိုးသမီးများကိုယ်တိုင် အမျိုးသားများကသာ ဦးဆောင်သင့်သည်ဟူသော အတွေးအခေါ်များ၊ အလေ့အကျင့်များကြောင့်ဖြစ်သည်ဟု ဆွေးနွေးကြပါသည်။

## ၆.၅ ရာသီခွင်ပြဇယား



**ရာသီခွင်ပြဇယား သုံးသပ်ချက်**

အဓိကအသက်မွေးဝမ်းကြောင်း လုပ်ငန်းများမှာ လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်း၊ ဓနိခြံလုပ်ငန်း များဖြစ်သည်။ ကျဘမ်းနှင့် ဆိပ်ကမ်းကုန်တင်ကုန်ချ အလုပ်လုပ်ကိုင်နေသူများလည်း ရှိသည်။ ရေလုပ်ငန်း လုပ်ကိုင်သူ အိမ်ထောင်စု (၆၀) ခန့်ရှိသည်။ ငါး၊ ပုဇွန် ရှားပါးလာသောကြောင့် ထိုလုပ်ငန်း လုပ်ကိုင်သူ လျော့နည်းလာသည်ဟု သိရသည်။


နယုန်လတွင် လယ်ယာလုပ်ငန်းများစတင်ပြီး နတ်တော်၊ ပြာသိုလများတွင် ရိတ်သိမ်းကြသည်။ တပို့တွဲလသည် စပါးပေါ်သောလဖြစ်သည်။ လယ်ယာမြေစိုက်ခင်းများအတွင်းသို့ ရေဝင်နစ်မြုပ်ခြင်း၊ ရေမြုပ်စပါးများမှာ ဈေးမရခြင်း၊ မိုးစပါးတစ်သီးသာ စိုက်ပျိုးနိုင်ခြင်း၊ အလုပ်သမားရှားပါးခြင်းနှင့် လူအင်အားဖြင့် စနစ်တကျမစိုက်ပျိုးနိုင်၍ ကျဲခင်းများသာကျဲပက်ရသဖြင့် စပါးအထွက်နှုန်းများ လျော့ကျလာခြင်း စသည့်အကြောင်းအချက်များကြောင့် လယ်လုပ်သူလယ်သမားများ လျော့နည်းလာသည်။

ဓနိဖက်ထိုးလုပ်ငန်းကို တန်ခူး၊ ပြာသို၊ တပို့တွဲ၊ တပေါင်းလများတွင် လုပ်ကိုင်ကြသည်။ ယခုအခါတွင် ဖက်ထိုးလုပ်သား ရှားပါးမှု ပြဿနာကို ရင်ဆိုင်နေရသည်။

ကျန်းမာရေးစောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိပါ။ ဝါဆို၊ ဝါခေါင်လများတွင် သွေးလွန်တုပ်ကွေးရောဂါ အဖြစ်များတတ်သည်။ အရေးကြုံလာပါက ချောင်းဆုံ မြို့ (သို့) မော်လမြိုင်မြို့သို့ သွားရောက်၍ ဆေးကုသမှု ခံယူရသည်။

ကျေးရွာဘုရားပွဲကို တန်ခူးလဆန်း (၆) ရက်နေ့တွင် ပူဇော်ကျင်းပသည်။ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ သီတင်းကျွတ်လတွင် ဆွမ်းကြီးလောင်းပွဲနှင့် ကထိန်ပွဲ၊ တပို့တွဲ၊ တပေါင်းလများတွင် ရှင်ပြုရဟန်းခံ အလှူမင်္ဂလာပွဲများ ကျင်းပပြုလုပ်ကြသည်။

## ၆.၆ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု



### ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှုသုံးသပ်ချက်

နတ်မော်ကျေးရွာအုပ်စု၊ နတ်မော်ရွာဟောင်းကျေးရွာတွင် အရင်းအမြစ်များမှာ လယ်၊ ချောင်း၊ ဓနိခြံ၊ လှေ၊ ဘုရားကျောင်း၊ ဇရပ်၊ ရေတွင်းရေကန်၊ စာသင်ကျောင်း၊ လမ်းတံတား စသည်တို့ကို

အမျိုးသား၊ အမျိုးသမီးအတူတကွပိုင်ဆိုင်ကြပြီး ထိန်းချုပ်မှုတွင် အမျိုးသားများမှ အဓိကဦးဆောင်နေသည်ဟု ဆွေးနွေးကြပါသည်။ အမျိုးသမီးသီးသန့်သုံးစွဲသော အရင်းအမြစ်မရှိချေ။ ထိုသို့ဖြစ်ရခြင်းမှာ ရိုးရာဓလေ့အရသော်လည်းကောင်း၊ ပတ်ဝန်းကျင်ပုံစံသွင်းခြင်းကြောင့်သော်လည်းကောင်း အမျိုးသမီးများ၏ ဦးဆောင်ထိန်းချုပ်မှု အားနည်းနေရခြင်း ဖြစ်ကြောင်းဆွေးနွေးကြပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ





ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(နတ်မှော်ကျေးရွာအုပ်စု၊ နတ်မှော်ရွာဟောင်းကျေးရွာ)

## ၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

နတ်မျော် - ဓညာင်း                                                    နတ်မျော်ကျေးရွာအုပ်စု

| စဉ် | အမည် | ရာထူး | | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁. | ဦးဘရွှေ | အုပ်စု ဥ/ထောက် | ဥက္ကဋ္ဌ | 09.49801488 |
| ၂. | ဒေါ်မြင့်မြင့်ဖော် | ကျေးရွာ ဥ/ထောက် | ဥက္ကဋ္ဌ | 09.425341704 |
| ၃. | ဦးဖြကြိုင် | ဘဏ္ဍာရေး ဆပ်ကော်မတီ | ငွေထိန်း | 09.760[illegible]103 |
| ၄. | ဦးအောင်ဇော်ဝင်း | | အုပ်စုစာရင်းကိုင် | |
| ၅. | ဦးအောင်သန်းရွှေ | ဝယ်ယူရေး ဆပ်ကော်မတီ | ခေါင်းဆောင် | |
| ၆. | ဦးဝင်းနိုင် | | | |
| ၇. | ဒေါ်ရွှေထားမြင့် | | | 09.780462720 |
| ၈. | ဦးမျိုးဝင်း | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | 09.425359203 |
| ၉. | ဦးတင်အေး | | | |
| ၁၀. | ဒေါ်သူသူနှင်း | | | |
| ၁၁. | ဒေါ်ချိုမာအေး | လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေး ဆပ်ကော်မတီ | ခေါင်းဆောင် | |
| ၁၂. | ဦးဖေထွန်း | | | 09.425380460 |
| ၁၃. | ဦးဖေနု | | | |
| ၁၄. | ဦးဘန်ရွှေ | ဝေဖန်အကြံပြု | ခေါင်းဆောင် | |
| ၁၅. | ဒေါ်အဝင်း | | | 09.778364041 |
| ၁၆. | ဦးကျော်စွာဝင်း | | | |
| ၁၇. | ဒေါ်ပန်းဝင်း | ကျေးရွာငွေစာရင်းကိုင် | | 09.425300677 |
| ၁၈. | ဦးသောင်းမြ | ကျေးရွာဆေးတာဝန် ဝန်ထမ်း | | |
| ၁၉. | ဒေါ်တင်မိုးထွေး | | | |

## ၉။ ကျေးရွာအချက်အလက် (ပုံစံ-၁)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက် ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးမြင့်ဝေ | ၀၉.၇၇၅၇၆၂၂၇၅ | ဒေါ်ခိုင်ခိုင်ဆင့် |


| ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| မွန် | ချောင်းဆုံ | နတ်မျော် | နတ်မျော်ဟောင်း |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၂၅၀ | ဘာသာ (၁) ဗုဒ္ဓ | ၂၅၈ |
| လူမျိုးစု (၂) ကရင် | ၃ | ဘာသာ (၂) ဗုဒ္ဓ | ၃ |
| လူမျိုးစု (၃) [illegible] | ၂၀ | ဘာသာ (၃) ဗုဒ္ဓ | ၂၀ |
| လူမျိုးစုရော | | ဘာသာရော | |
| အခြား | | | |
| | အရေအတွက် | | |
| မ... န်စွမ်းသူများ | ၆ | | |
| သက်ကြီးရွယ်အိုများ (နှစ် နှင့် အထက်) | ၄၃ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၇၅၂ | ၃၉၈ |
| လူမျိုးစု (၁)----ဗမာ | ၃၃၀ | ၃၃၂ |
| လူမျိုးစု (၂)-ကရင်- | ၆ | ၅ |
| လူမျိုးစု (၃)---[illegible] | ၁၅ | ၁၈ |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၂၄၁ | ၃၂ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ



| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☑ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် [illegible] ကျောင်း | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| [illegible] ဆရာ/မ | ☐ | ☐ | [illegible] ကျန်းမာရေးဆရာမ | ☐ | ☐ | [illegible] ဖီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် [illegible] | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ဓာတ္တုရာလမ်း (circled) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______ |


(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည် (circled)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ 2015. 2017.

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည် (circled)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး



(၁) ဤကျေးရွာအဖွဲ့မှ ၎င်းကျေးရွာအုပ်စုအဖွဲ့ထံ ဆက်သွယ်မည့်မှုကွာဝေးသနည်း?    မိုင် - ၁.၅ - / မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုထံ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်------------------------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ    ☐ ရှိပါသည်    ရှိလျှင်ဖော်ပြပါ ------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လုပ်ထုံးပရိုဂျက်စီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ------

(၂) ------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ    ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင်    အမည် ဦးမြင့်အေး

လက်မှတ်    နေ့စွဲ 10.10.17.

လူထုစည်းရုံးရေးမှူး    အမည်

လက်မှတ်    နေ့စွဲ 10.10.17.

## ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)

ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ | | စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် | |
| ...အမည် ဒေါ်ခိုင်ခိုင်ဇင် | | | |
| 14. 10. 2018 | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ✓စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ရှမ်း / မြို့နယ် ညောင်ရွှေ | ကျေးရွာအုပ်စု နတ်မျော် | ကျေးရွာ နတ်မျော် - ဇေယျာဝင်း | |

| ...အဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ...စီမံကိန်း မိတ်ဆက်အစည်းအဝေး | 14.10.17 | 14.10.17. | 71 | 68 | 139 | 139 | | |
| ...ရွေးချယ်ခြင်းအစည်းအဝေး | 15.10.17. | 15.10.17 | 68 | 71 | 139 | 139 | | |
| ...လုပ်ငန်းဆုံးဖြတ်ချက်ချသည့်... | 16.10.17. | 16.10.17. | 22 | 14 | 36 | 36 | | |
| ...စီမံကိန်းရေးဆွဲရေး နှင့် အကောင်... ပတ်ဝန်းကျင် စီမံကိန်း သုံးသပ်မှု | 14.11.17 | 14.11.17 | မလို | မလို | မလို | မလို | | |
| ...စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်... ဆုံးဖြတ်မှုကို ရွာသို့ အသိပေး... သည့် အစည်းအဝေး | 30.11.17. | 30.11.17. | 65 | 71 | 136 | 136 | | |
| ၆။ ...ချက်ရေးဆွဲခြင်း | | | | | | | | |
| ၆.၁။ ...အကောင်အထည်ဖော်... ရေးဆွဲခြင်း | 1.12.17. | 1.12.17. | 9 | 6 | 15 | 15 | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 2.12.17. | 2.12.17. | 8 | 7 | 15 | 15 | | |
| ၆.၃။ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 5.12.17. | 5.12.17. | 9 | 6 | 15 | 15 | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 19.12.17. | 19.12.17. | 9 | 7 | 16 | 16 | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | 26.12.17. | 26.12.17. | 8 | 7 | 15 | 15 | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | 19.1.18 | 19.1.18 | 8 | 6 | 14 | 14 | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | 15.2.18 | 15.2.18 | 9 | 7 | 16 | 16 | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | 10.3.18 | 10.3.18 | 9 | 7 | 16 | 16 | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | 19.3.18 | 19.3.18 | 43 | 97 | 140 | 140 | | |

## ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်မည့် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခိုးခိုးခင် | | | |
| နေ့စွဲ 16.10.2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း မွန် | မြို့နယ် ချောင်းဆုံ | ကျေးရွာအုပ်စု နတ်မျော် | ကျေးရွာ နတ်မျော်ပေါင်း |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ကလေးငယ်များ ကစားကွင်း မရှိခြင်း | ၁ | စာသင်ကျောင်း ကလေးငယ်များ ကျောင်းချိန်ပြင်ပ အားလပ်ချိန် ကစားရန် နေရာ ခက်ခဲခြင်း |
| ၂ | ကျေးရွာတွင် လမ်းရေမြုပ်ခြင်း သွားလာရ ခက်ခဲခြင်း | ၂ | ကျေးရွာချင်းဆက်လမ်း မှာ ရေမြုပ်ခြင်း သွားလာရခက်ခဲခြင်း |
| ၃ | ကျေးရွာချင်းဆက်တံတား ပြုပြင်ခြင်း | ၃ | ကျေးရွာချင်းဆက် တံတား ပြုပြင်ခြင်း |
| ၄ | ကျေးရွာတွင်သောက်သုံးရေ လုံလောက်မှု မရှိခြင်း | ၄ | ကျေးရွာတွင်သောက်သုံးရေ လုံလောက်မှု မရှိခြင်း |
| ၅ | ကျေးရွာတွင် ဖွံ့ဖြိုးရေးကိစ္စရပ်များ အတွက် ဆွေးနွေးရန် ခက်ခဲခြင်း | ၅ | ကျေးရွာ ဖွံ့ဖြိုးရေးကိစ္စရပ်များ ဆွေးနွေး တိုင်ပင်ရန် နေရာ ခက်ခဲခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | မူကြိုကျောင်းတွင် ကစားကွင်းရှိခြင်း | ၁ | ကလေးများ ကစားရန် အားကစားကွင်း ရှိခြင်း |
| ၂ | ကျေးရွာချင်းဆက်လမ်း ထပ်ဖို့ ကျောက်ခင်းခြင်း | ၂ | ကျေးရွာချင်းဆက်လမ်း ထပ်ဖို့ ကျောက်ခင်းခြင်း |
| ၃ | တံတား ပြုပြင်ခြင်း | ၃ | တံတား ပြုပြင်ခြင်း |
| ၄ | ကျေးရွာတွင်ရေပိုက်သွယ်တန်းခြင်း | ၄ | ကျေးရွာတွင်ရေပိုက်သွယ်တန်းခြင်း |
| ၅ | ဖွံ့ဖြိုးရေး ကိစ္စရပ်များ ဆွေးနွေးရန် ခန်းမ တစ်ခု ရှိလာခြင်း | ၅ | ဖွံ့ဖြိုးရေး ကိစ္စရပ်များ ဆွေးနွေးရန် ခန်းမ တစ်ခုရှိလာ ခြင်း |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | မူကြိုကျောင်း တွင်ကစားကွင်း တစ်ခုရှိလာခြင်း | | 2800000 | 2251 |
| ၂ | ကျေးရွာ တွင်း ကွန်ကရစ်ထပ်ဖို့ ရွာ ခင်းခြင်း | | 22500000 | 2251 |
| ၃ | | | | |
| ၄ | | | | |
| ၅ | | | | |


ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁. | စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာ ကောင်းများ ရရှိခြင်း | ကျား / မ | |
| ၂ | ဆိုင်ကယ်ပြင်သင်တန်း | ကျား | |
| ၃ | စက်ချုပ်သင်တန်း | ကျား / မ | |
| ၄ | မုန့်လုပ်နည်း | ကျား / မ | |
| ၅ | လျှပ်စစ်မီး ပြုပြင်သင်တန်း | ကျား | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦးအာရှု--- လက်မှတ် ---[illegible]--- နေ့စွဲ ---

## ၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)



ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စု CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် [illegible]

နေ့စွဲ 16.10.17.

ပြည်နယ်/တိုင်း ရှမ်း မြို့နယ် [illegible]

စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) □စက်ဝန်း(၁) □စက်ဝန်း(၂) ☑စက်ဝန်း(၃) □စက်ဝန်း(၄)

ကျေးရွာအုပ်စု နတ်မျော် [illegible]

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြု တင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| နတ်မျော် | [illegible] | 40' x 15' x 12' | 703 | □ ကျား □ မ ☑ ကျား+မ | 2300000/ | | | | |
| နတ်မျော် | [illegible] | 1400' x 10'-6" x 0.5" | 703 | □ ကျား □ မ ☑ ကျား+မ | 2250000/. | | | | |
| | | | | □ ကျား □ မ □ ကျား+မ | | | | | |
| | | | | □ ကျား □ မ □ ကျား+မ | | | | | |
| | | | | □ ကျား □ မ □ ကျား+မ | | | | | |

ရေးသူ ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် [illegible] လက်မှတ် [signature] ရက်စွဲ 16.10.17.

## ၁၃။ အစည်းအဝေးမှတ်တမ်းများ

အစည်းအဝေးမှတ်တမ်း

ကျေးရွာ ။ ။ နတ်မျော်ပေါင်း

ကျေးရွာအုပ်စု ။ ။ နတ်မျော်

အစည်းအဝေးကျင်းပချိန် ။ ။ (10:00 မှ ၃:00)

နေရာ ။ ။ ဘုန်းကြီးကျောင်း ဓမ္မာရုံ

နေ့ရက် ။ ။ 14.10.17.

တက်ရောက်သူဦးရေ ။ ။ <131> ဦး

အကြောင်းအရာ ။ ။ ပထမအကြိမ် အစည်းအဝေးကျင်းပခြင်း

နတ်မျော်ပေါင်းကျေးရွာ၏ ပထမအကြိမ်

အစည်းအဝေးကို (14.10.17) ရက်နေ့တွင် နတ်မျော်ပေါင်းကျေးရွာ၏ ဘုန်းကြီးကျောင်း ဓမ္မာရုံတွင် ပြုလုပ်ကျင်းပခဲ့ပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်အေး မှ အဖွင့်အမှာစကား ပြောကြားခဲ့သည်။ လက်ထောက်နည်းပညာမှူး ဆရာဦးသန်းထွန်း မှ စီမံကိန်းစက်ဝန်း၊ စေတနာ့ဝန်ထမ်း၏တာဝန် ဝတ္တရားများ၊ ကော်မတီဝင်များ၏တာဝန် ဝတ္တရားများကို ရှင်းလင်းပြောကြားခဲ့သည်။ လူထုစည်းရုံးရေးမှူး ဒေါ်စိုးစိုးခင့် မှ ဝယ်ယူရေးနှင့် ကျား-မရေးရာ တန်းတူညီမျှရေးတို့ကို ရှင်းလင်းပြောကြားခဲ့သည်။ ကျေးရွာမြေပုံ၊ ပစ္စကူအိမ်၊ ဗင်ကားချပ်၊ ဥစ္စာဓန အဆင့်သတ်မှတ်ခြင်း၊ ရာသီခွင်ပြပြက္ခဒိန်၊ ပိုင်ဆိုင်မှုထိန်းချုပ်မှုစသည့်လူမှုအခန်းစဉ်ပုံများ ပြုလုပ်ခဲ့ပါသည်။ ကျေးရွာစေတနာ့ဝန်ထမ်းရွေးချယ်ခြင်းကို ဆောင်ရွက်ပြီးနောက် အနှစ်ချုပ်ပြောကြားကာ အစည်းအဝေးကို အဆုံးသတ်ခဲ့ပါသည်။

မှတ်တမ်းတင်သူ

(လက်မှတ်)

ဒေါ်စိုးစိုးခင့်

## ၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ

| စဉ် | အဆိုပြုသူ | အခက်အခဲ၊ အတားအဆီးများ |
|---|---|---|
| ၁ | ကျားမ | ကျောင်းဝင်းအတွင်း ကလေးငယ်များကစားရန်နေရာမလုံလောက်ခြင်း |
| ၂ | ကျားမ | ရွာချင်းဆက်လမ်းရေမြုပ်နေသဖြင့် သွားလာရခက်ခဲခြင်း |
| ၃ | ကျားမ | ရွာချင်းဆက်တံတား ပြုပြင်ရန်လိုအပ်နေခြင်း |
| ၄ | ကျားမ | သောက်သုံးရေမလုံလောက်ခြင်း |
| ၅ | ကျားမ | ခန်းမ မရှိသေးခြင်း |

## ၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| စဉ် | အဆိုပြုသူ | လုပ်ငန်း |
|---|---|---|
| ၁ | ကျားမ | မူကြိုကျောင်းဝင်းအတွင်း ကစားကွင်းရှိပြီးဖြစ်ရမည်။ |
| ၂ | ကျားမ | ရွာချင်းဆက်လမ်းအား ကတ္တရာရေပိတ်လွှာခင်းခြင်း |
| ၃ | ကျားမ | တံတားအားပြန်လည်ပြုပြင်မွမ်းမံရန် |
| ၄ | ကျားမ | သောက်သုံးရေဖူလုံစေရေးအတွက် ရေပိုက်သွယ်တန်းပြီးဖြစ်ရမည်။ |
| ၅ | ကျားမ | ကျေးရွာခန်းမတည်ဆောက်ပြီးဖြစ်ရမည်။ |

### ၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်မည့် ရပ်ရွာလူထုမှ လိုအပ်ချက် ရှိနေသော အသက်မွေးဝမ်းကျောင်း သင်တန်းများအားဆွေးနွေးရာတွင် အောက်ဖော်ပြပါ သင်တန်းများအား ရပ်ရွာလူထု တစ်ရပ်လုံးမှ အဆိုပြုတင်ပြခဲ့ပါသည်။

| | အဆင့် | လုပ်ငန်းအမည် | အဆိုပြုသူ | ကျေးရွာမှတာဝန်ခံ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အသက်မွေးဝမ်းကျောင်းသင်တန်းများ | ၁ | စိုက်ပျိုးရေး၊ မွေးမြူရေး သင်တန်း | ကျားမ | | |
| | ၂ | ဆိုင်ကယ်ပြင်သင်တန်း | ကျား | | |
| | ၃ | စက်ချုပ်သင်တန်း | မ | | |
| | ၄ | မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း | ကျားမ | | |
| | ၅ | လျှပ်စစ်မီးသင်တန်း | ကျား | | |

တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ရရှိပြီးပါကလည်း ကိုယ်ပိုင်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အရင်းအနှီး မတည်ငွေအတွက် အခက်အခဲရှိနိုင်သေးကြောင်းနှင့် အချို့မှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်အတွက် အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်လုပ်ဆောင်ပေးခြင်းများ၊ အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ဖန်တီးပေးမှုများ လိုအပ်နေသေးသည်ကို လေ့လာသုံးသပ်ရပါသည်။